# Interfaith Understanding
# မတူကွဲပြားယုံကြည်မှုများအကြားသဟဇာတဖြစ်တည်မှုအလေ့တရား

Interfaith ဆိုသည့်စကားရပ်သည် လွန်ခဲ့သောနှစ်အနည်းငယ်ကာမှစတင်ကာ မြန်မာ့လူမှုအသိုက်အဝန်းအတွင်း မတူကွဲပြားသောလူမျိုးနှင့် ကိုးကွယ်ယုံကြည်မှုများအပေါ်အခြေခံ၍ ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင်၊ ပြည်တွင်းနှင့် နိုင်ငံတကာအရပ်ဘက်လူမှုရေးအဖွဲ့အစည်းများအကြားတွင် ပိုမိုအလေးအနက်ထား ထင်ရှားလာသော စကားရပ်တစ်ခုဖြစ်သည်။

Interfaith ဆိုသည့်စကားရပ်သည် inter=(နှစ်ခုကြား)အပြန်အလှန်၊ faith=သက်ဝင်ယုံကြည်မှု/ ကိုးကွယ်နာခံမှု စသည့်စကားလုံးနှစ်လုံးအား ပေါင်းစပ်၍ခေါ်တွင်သည်ဖြစ်ရာ အများအားဖြင့်"ဘာသာပေါင်းစုံချစ်ကြည်ရေး"ဟု မြန်မာမှုပြုဘာသာပြန်လေ့ရှိပြီး၊ မတူကွဲပြားသောဘာသာတရား ကိုးကွယ်ယုံကြည်ကြသူများအကြားအပြန်အလှန် နားလည်မှုတည်ဆောက်ခြင်း၊ ချစ်ကြည်ရင်းနှီးမှုတည်ဆောက်တိုးပွားစေခြင်း စသည်ဖြင့် သဘောပေါက်နားလည် ဖော်ဆောင်လျက်ရှိကြသည်။

Interfaithအား "ဘာသာပေါင်းစုံချစ်ကြည်ရေး" ဟုမြန်မာလိုအဓိပ္ပာယ် ပြန်ဆိုရာတွင် သက်ဆိုင်ရာ ဘာသာတရား အသီးသီး၏ ကိုးကွယ်ယုံကြည်မှုတွင် တိုက်ရိုက်အကျုံးမဝင်သော နတ်ကိုးကွယ်သူများ၊ ရှေးပညာရှိကြီးများ၏ အဆုံးအမအဆိုအမိန့်များကိုသာ အလေးထား ယုံကြည်လိုက်နာကြသူများ၊ စသည်နှင့် မည်သည့်ဘာသာတရား ကိုမျှ ယုံကြည်ကိုးကွယ်ခြင်းမပြုသူများအား ပလပ်ထားသည့် သဘောဆောင်သည်ဟုအမြင်ရှိနိုင်သည်။

သို့ရာတွင် လူသားတိုင်းတွင်မတူညီသောကိုးကွယ်မှု၊ ယုံကြည်မှုသည် ဘာသာတရားများအားဖြင့်ဖြစ်နိုင်သလို၊ မည်သည့် ဘာသာတရားကိုမျှနာခံသက်ဝင်ခြင်းမရှိဘဲ၊ မိမိစိတ်ဖြင့် မိမိနှစ်သက်ရာတစ်စုံတစ်ရာကို လက်ခံယုံကြည်နေခြင်း၊ ကိုးကွယ်နေခြင်းသည်လည်း၊ ထိုသူ (သို့မဟုတ်) ထိုလူ့အစုအဝေး၏ faith (ယုံကြည်မှု) အဖြစ် အသိအမှတ်ပြုကြရမည်ဖြစ်သည်။

Interfaith သည်ယုံကြည်ကိုးကွယ်မှုအသီးသီးလက်ခံထားကြသူများ (လူသားအားလုံး) နှင့် သက်ဆိုင်သည့်ဘဝ နေနည်းဖြစ်စဉ်ဖြစ်ကြောင်းကိုအခြေခံကာ မတူကွဲပြားသည့်လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ အစဉ်အလာ၊ ယဉ်ကျေးမှု နှင့် လူရည်လူသွေးစသည်များကို လောက၏အလှတရားများအဖြစ် အပြုသဘောရှုမြင်စေပြီး၊ လူသားများအကြား ၎င်းမတူကွဲပြားမှုများကို အပြန်အလှန်အသိအမှတ်ပြုလေးစားခြင်း၊ လူမှုဆိုင်ရာနှင့် လောကကောင်းကျိုးသယ်ပိုးမှု များတွင် ညီညွတ်စေခြင်းဖြင့်ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း၊ သတ္တလောကတွင် ယဉ်ကျေး၍အကျင့်သိက္ခာမြင့်မား သော လူသားသမိုင်းစဉ်အားဖြစ်ထွန်းစေခြင်း၊ စသည်တို့၏အကြောင်းတရားတစ်ရပ်လည်းဖြစ်သည်။

Interfaith သည်လူသားများနှင့် ၎င်းတို့၏မတူကွဲပြားသော နာမ်ပိုင်းဆိုင်ရာ လက်ခံယုံကြည်ကိုးကွယ်မှုများကို အပြန်အလှန်အသိအမှတ်ပြုပြီး၊ သဟဇာတဖြစ်ထွန်း၍ ငြိမ်းချမ်းသည့်တစ်လုံးတစ်ဝတည်းသော လူ့အသိုင်း အဝိုင်း တစ်ရပ်ကိုတည်ဆောက်ရန်မှတပါး၊ လူ့အစုအဝေးတစ်ရပ်၏ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုအား အခြား လူ့အစုအဝေးတစ်ရပ်၏ ကိုးကွယ်ယုံကြည်မှု/ယဉ်ကျေးမှုတို့ဖြင့် လွှမ်းမိုးစေခြင်း၊ ဆွဲဆောင်သိမ်းသွင်းခြင်း စသည်တို့ကို မရည်ရွယ်ပါ။

ထို့အပြင် သက်ဆိုင်ရာသာသနာပြုလုပ်ငန်းများ၏ သဘောသဘာဝ ရည်ရွယ်ချက်နှင့် Interfaith လုပ်ငန်း၏ သဘောသဘာဝ ရည်ရွယ်ချက်များ မတူညီသည်ကိုကောင်းစွာနားလည်ထားရန်လိုအပ်ပါသည်။ ယေဘုယျအားဖြင့် လူအများနားလည်ထားကြသည်မှာ သာသနာပြုလုပ်ငန်းများသည် . . .

- မိမိတို့၏ယုံကြည်မှုနှင့်သာသာရေးဆိုင်ရာသွန်သင်ဆုံးမမှုများကို ဘာသာဝင်အချင်းချင်းကောင်းစွာနားလည် သဘောပေါက်ပြီး တရားတော်များကိုလက်တွေ့ဘဝတွင်လိုက်နာကျင့်သုံးကြစေရန်

- မိမိတို့၏ ယုံကြည်ကိုးကွယ်မှု (မိမိတို့ယုံကြည်သည့်အမှန်တရား) ကိုမသိရှိသေးသော အခြားလူ့အစုအဝေး ထံသို့တရားအလင်းပြန့်နှံ့ရောက် ရှိစေခြင်းဖြင့် မိမိတို့နှင့်အတူ ယုံကြည်ကိုးကွယ်လိုက်နာသူများတိုးပွားလာ ကြစေရန်

- မိမိတို့၏သာသာရေးဆိုင်ရာယုံကြည်မှုများ၊ တရားဓမ္မနှင့် အဆုံးအမများအဓွန့်ရှည်စေရန် စသည့်ဖြင့်ဖြစ်သည်။

သို့သော် Interfaith ဆိုသည်မှာ ဘာသာတရားတစ်ခုခုကို ဦးစားပေးပြီး အဓိအားကောင်းလာစေရန် ရည်ရွယ်သည်မဟုတ်ဘဲ၊ ဘာသာတရားအသီးသီးကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသူများအပါအဝင် နာမ်ပိုင်းဆိုင်ရာ (Spiritual) ယုံကြည်မှုတစ်ရပ်ရပ်ဖြင့်ရှင်သန်နေကြသော လူသားများအကြားယုံကြည်ကိုးကွယ်မှုမတူသော်လည်း၊ လူသားဆန်စွာဖြင့်အပြန်အလှန်အသိအမှတ်ပြုကာ မိမိတို့အသီးသီး၏အသိပညာ၊အတတ်ပညာ၊ ယဉ်ကျေးမှုနှင့် ကောင်းမွန်သော ကိုယ်ကျင့်တရားတို့ကို ပေါင်းစပ်လက်တွဲ၍ မိမိတို့ရှင်သန်နေထိုင်သောနိုင်ငံ့ အကျိုး၊ လူသား အကျိုး၊ လောကကောင်းကျိုးများကို လူနှင့်လူချင်းမခွဲမခြား တန်ဖိုးထားဖော်ဆောင်လာနိုင်ကြစေရန်ဖြစ်သည်။

Interfaith ၏သဘောသဘာဝသည် မတူကွဲပြားစွာယုံကြည်ရှင်သန်ကြသူများအချင်းချင်းတွင် တစ်ဦးတစ်ဖွဲ့၏ ကိုးကွယ်ယုံကြည်မှုနှင့် ယုံကြည်ရာအလိုက်နာခံလေးစားလိုက်နာကျင့်သုံးမှုများ၊ အစဉ်အလာနှင့် ယဉ်ကျေးမှုစံနှုန်း များကိုအပြန်အလှန်စူးစမ်းလေ့လာကြစေရန် အခွင့်အလမ်းများဖန်တီးပေးပြီး၊ တစ်ဦးအပေါ်တစ်ဦး နားလည် မှုနှင့် သဘောထားကြီးမှုများကိုတိုးပွားစေသည်။ ဤဖြစ်စဉ်တွင်အခြားသူများ၏ ယုံကြည်ကိုးကွယ်ကျင့်သုံးမှုများကို ပိုမို နားလည်လာစေရန် အားပေးသည့်နည်းတူ၊ မိမိတို့ကိုယ်တိုင် ယုံကြည်ကိုးကွယ်ကျင့်သုံးနေသော ဘာသာတရား၏ အဆုံးအမနှင့် တန်ဖိုးများကိုလည်းကောင်းစွာ နားလည်သဘောပေါက် တန်ဖိုးထားလိုက်နာထိန်းသိမ်း ကျင့်သုံးကြ သော ဝါဒီကောင်းများဖြစ်လာကြစေရန်ကို အလေးအနက်ထားသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ကိုယ်တိုင်က သက်ဝင်ယုံကြည်သည့်ဘာသာတရားဆိုင်ရာနှင့် နာမ်ရေးရာယုံကြည်မှုများကို ကောင်းစွာမသိနားမလည်၊ တန်ဖိုး ထားလေးစားရကောင်းမှန်းမသိသူများအနေဖြင့် တစ်ပါးသူ၏ယုံကြည်ကိုးကွယ်မှုနှင့် ကျင့်သုံးမှုများကို နားလည်မှု တည်ဆောက်ပြီး အပြန်အလှန်လေးစားသမှုပြုရမည်ဆိုခြင်းမှာ ယုတ္တိကျသောအယူအဆမဖြစ်နိုင်ပေ။

ထို့အပြင် မတူကွဲပြားသောယုံကြည်မှု၊ ယဉ်ကျေးမှုများဖြင့် ရှင်သန်နေကြသောလူသားများအကြားတွင် Interfaith လုပ်ငန်းစဉ်များကိုဖော်ဆောင်ကြရာတွင် အခြေခံအားဖြင့်လူ့အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုအကြားတွင် ရိုးသားမှု၊ ပွင့်လင်းမှု၊ ယုံကြည်မှုနှင့်ညီညွတ်မျှတမှုများကို အစဉ်အားပေးမြှင့်တင်ခြင်းဖြင့်၊ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုး ပြီး ဒီမိုကရေစီ ဘက်ပါ။

စေလိုပါသည်။

ကိုကိုလွင်
Executive Director
Organization for Building Better Society